Message Ten

## ဇေရနှင့် နေဟမိ၏ ပြန်လည်ရယူခြင်းစာစောင်များ၏ အလယ်ဗဟိုနှင့် အရေးကြီးသောအချက် - သခင်ဘုရားပြန်လည်ရယူခြင်း၌ မှန်ကန်သင့်လျော်သော၊ လုံလောက်မှုရှိသော ဦးဆောင်သူအရာ

ဖတ်ရန်ကျမ်း။ ။ နေ၊၈း၁-၁၀။ ၁၃း၁၄၊ ၂၉-၃၁။ မ၊၂၀း၂၅-၂၈။ ၂၃း၈-၁၃။ ဟေဗြဲ၊၁၃း၇

**I. ဘုရားသခင်၏ ထာဝရစီမံကိန်း၌လည်းကောင်း၊ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌လည်းကောင်း ဦးဆောင်သူအရာသည် ဝိညာဉ်ရေးရာ စွမ်းဆောင်ရည်အပေါ် မူတည်နေသည်။ ဦးဆောင်သူအရာသည် တရားဝင်ဖြစ်ခြင်း၊ အမြဲတမ်းအတည်ဖြစ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာဖြစ်ခြင်း သို့မဟုတ် ရာထူးအနိမ့်အမြင့်ဆိုင်ရာဖြစ်ခြင်း မဟုတ်ပါ - ၁သက်၊၁း၅။ ၂း၁-၁၄။ ၅း၁၂-၁၃။ ဟေဗြဲ၊၁၃း၇၊ ၁၇၊ ၂၄။**

A. သခင်ဘုရား၏ ဦးဆောင်သူအရာ ခံယူချက်မှာ ဇာတိဆိုင်ရာခံယူချက်နှင့် ဆက်ကျင်ဘက်ဖြစ်သည်။ ဘုရားသခင်၏လူများအလယ်၌ အမှန်ပင် ဇာတိဆိုင်ရာသဘော၌ရှိသော ဦးဆောင်သူအရာ မရှိပါ - မ၊၂၀း၂၅-၂၈။ ၂၃း၈-၁၃။

1. ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း၌ ဦးဆောင်သူအရာသည် ကျွန်ခံခြင်းဟု ဆိုလိုသည်။ ဦးဆောင်သူဖြစ်လိုသောသူ မည်သူမဆို ကျွန်ဖြစ်ရန် လိုလားဆန္ဒရှိရမည်ဖြစ်သည် - မာ၊၁၀း၃၅-၄၅။
2. ဦးဆောင်သူအရာသည် အသက်၌ကြီးထွားခြင်းအားဖြင့် ပုံသွင်းခံရပြီး၊ လိုအပ်မှုမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ လိုအပ်မှုမရှိလျှင် ဦးဆောင်သူအရာလည်း ထင်ရှားပေါ်လာမည်မဟုတ်ပါ - ၁ပေ၊၅း၁-၃။
3. ဦးဆောင်သူအရာ၏ လူသားခံယူချက်ကို ဘေးဖယ်ထားရန်အလို့ငှာ ဘုရားသခင်က ကိုယ်တော်၏လူများအလယ်ရှိ ဦးဆောင်သူအရာသည် ဝိညာဉ်ရေးရာစွမ်းဆောင်ရည်အပေါ် အမြဲပင် မူတည်ရမည်ဖြစ်ကြောင်း စီမံထားခဲ့သည် - တ၊၁၃း၂၊ ၉။ ၁၄း၁၂။ ဂလ၊၂း၁၁-၁၄။
4. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ မည်သည့်စနစ်တကျစီစဉ်ထားသည့် ဦးဆောင်သူအရာမရှိပါ၊ မည်သည့်ပေါင်းစည်းထားသည့် အဖွဲ့အစည်းမျှ မရှိပါ။ ထိုအစား၊ အင်္ဂါဝင်များအားလုံးထံသို့ တိုက်ရိုက် အမိန့်ပေးနေသည့် ဦးခေါင်းတော်တစ်ပါးတည်းသာရှိပြီး၊ တစ်ခုတည်းသော အသက်ဆိုင်ရာထုံးဖွဲ့မှုဖြစ်သည့် ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းသာရှိသည် - ဧ၊၁း၂၂-၂၃။

B. ဓမ္မသစ်ကျမ်းအရ တမန်တော်များ၏အခွင့်အာဏာသည် ဝိညာဉ်ရေးရာဖြစ်ပြီး၊ သူတို့၏ နှုတ်ကပတ်တော်အမှုတော်၌ ရှိသည် - တ၊၂း၄၂။ ၂ကော၊၁၃း၅-၆။ ၁သက်၊၂း၁၃။

1. သူတို့တွင် အသင်းတော်၏အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အဆင့်ရာထူး၌ အခွင့်အာဏာရှိခြင်းမဟုတ်ပါ၊ သူတို့အားဖြင့် အမှုဆောင်သည့် နှုတ်ကပတ်တော်သာလျှင် အခွင့်အာဏာရှိသည် - ကော၊၄း၁၆။ ဟေဗြဲ၊၁၃း၇။
2. အသင်းတော်များက တမန်တော်များနောက်သို့လိုက်ခြင်းမှာ တမန်တော်များတွင် ဓမ္မသစ်သွန်သင်ခြင်း ရှိသောကြောင့်ဖြစ်သည် - ဖိ၊၂း၁၂။ တ၊၂၀း၁၇-၃၆။
3. အသင်းတော်သည် လမ်းလွဲခြင်း သို့မဟုတ် လှည့်စားခံရခြင်းရှိလျှင် တမန်တော်များသည် အခွင့်အာဏာရှိသော ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း အခြေအနေကို ဖြေရှင်းပေးရန် ဝတ္တရားနှင့် တာဝန် ရှိသည် - အငယ်၊၂၆-၂၇။ ၂ကော၊၁၀း၆။ ၂တိ၊၁း၁၃။ ၄း၂။
4. ဦးဆောင်သူအရာသည် တမန်တော်များ၏သွန်သင်ခြင်း၌ ထုတ်လုပ်ခြင်း၊ ခွန်အားသန်စွမ်းစေခြင်းနှင့် ကန့်သတ်ခံရခြင်းရှိသည် - တိတု၊၁း၉။

C. ဓမ္မသစ်ကျမ်း၌ တစ်ခုတည်းသော ဦးဆောင်သူအရာနှင့်အတူ တစ်ခုတည်းသောအမှုတော် ရှိသည် - တ၊၁း၁၇၊ ၂၅။ ၂ကော၊၄း၁။

1. ယနေ့၏ ခရစ်ယာန်လောကသည် ကွဲပြားနေခြင်းမှာ များစွာသော ဦးဆောင်သူအရာများရှိသောကြောင့်ဖြစ်သည်။ အမှုတော်သည် တစ်ခုတည်းဖြစ်သောကြောင့် ဦးဆောင်သူအရာသည် တစ်ခုထက်မက မရှိသင့်တော့ပါ။

2. ဘုရားသခင်၊ သခင်ဘုရားနှင့် ဝိညာဉ်တော် အားလုံးတို့သည် တစ်ပါးတည်းဖြစ်သောကြောင့် ဦးဆောင်သူအရာသည် တစ်ခုတည်းဖြစ်သည်။ တစ်ခုတည်းသော ဦးဆောင်သူအရာသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန်အတွက် ဖြစ်သည် - ဧ၄း၃-၆။

3. ဓမ္မသစ်ကျမ်းက အမှုတော်၌ရှိသော ဦးဆောင်သူများ၌ ဘုရားသခင်၏ကိုယ်စားပြုအခွင့်အာဏာ၊ တည်ဆောက်ခြင်းအတွက်ဖြစ်သော အခွင့်အာဏာကို ပြသပေးထားသည် - ၂ကော၊၁၃း၁၀။

   a. ဘုရားသခင်၏ကိုယ်စားပြုအခွင့်အာဏာသည် ဦးဆောင်သူများ၏ သွန်သင်ခြင်း၌ ရှိသည် - ၁ကော၊၄း၁၇ခ-၂၁။ ၇း၁၇ခ။ ၁၁း၂။ ၁၆း၁။ ၂သက်၊၃း၆၊ ၉၊ ၁၂၊ ၁၄။

   b. နေရာတိုင်းရှိ အသင်းတော်တိုင်း၌ တူညီသောအရာကို သွန်သင်ခြင်းမှာ ပေါလု၏ ကိုယ်စားပြုအခွင့်အာဏာကို သက်သေပြသခြင်းဖြစ်သည် - ၁ကော၊၄း၁၇ခ။

D. ဓမ္မသစ်အမှုတော်ရှိ ဦးဆောင်သူအရာသည် ဓမ္မသစ်အမှုတော်ရှိ ဦးဆောင်သူများကိုယ်တိုင်ထက် ဓမ္မသစ်သွန် သင်ခြင်း၌ ပို၍ ရှိခြင်းဖြစ်သည် - တ၊၂း၄၂။ ၂တိ၊၃း၁၀။

## II. ဓမ္မသစ်အမှုတော်၌ ဦးဆောင်သူအရာသည် ဘုရားသခင့်ထာဝရစီမံကိန်း၏ အုပ်စိုးထိန်းချုပ်နေသော ရူပါရုံ၏ ဦးဆောင်သူအရာဖြစ်ပြီး၊ အုပ်စိုးထိန်းချုပ်နေသော ပုဂ္ဂိုလ်၏ ဦးဆောင်သူအရာ မဟုတ်ပါ၊ တမန်တော်ပေါလုက "အကျွန်ုပ်သည် ကောင်းကင်ဆိုင်ရာရူပါရုံကို နားမထောင်ဘဲ မနေရပါ"ဟု ကြွေးကြော်ခဲ့သည် - တ၊၂၆း၁၉။

A. ဘုရားသခင်၏ ထာဝရစီမံကိန်းသည် တမန်တော်များမှတစ်ဆင့် ဖွင့်ပြခဲ့သည်၊ သို့သော် ယုံကြည်သူများသည် ၎င်းကို မှန်ကန်သင့်လျော်စွာ နားလည်သဘောပေါက်ခြင်း မရှိသောကြောင့်၊ သခင်ဘုရားအားဖြင့် ပြန်လည်ရယူခြင်းခံရန် လိုအပ်နေခဲ့သည်။ ဘုရားသခင်၏ထာဝရစီမံကိန်း (ဂရိ - အွေကိုနိုးမီးယား) သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ ဝေငှဖြန့်ဖြူးမည့် အိမ်ထောင်စုဆိုင်ရာ စီမံခန့်ခွဲမှုဖြစ်ကာ၊ ထိုသို့ဖြင့် ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ထင်ရှားမည့် အိမ်ကို ရရှိနိုင်မည်၊ ထိုအိမ်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ဖြစ်သည် - ဧ၊၁း၂၊ ၈-၉။ ၁တိ၊၁း၃-၄။ ၃း၁၅။ ဧ၊၁း၁၀။ ၂း၂၁-၂၂။ ၁ပေ၊၄း၁၀။

B. ပြန်လည်ရယူခြင်းဟူသည်မှာ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းဖြစ်ပေါ်ခဲ့ပြီးနောက် ပုံမှန်အနေအထားသို့ ပြန်ရယူခြင်း သို့မဟုတ် ပြန်လာစေခြင်းကို ဆိုလိုသည်။ ပြန်လည်ရယူခြင်းဟူသည်မှာ ကျမ်းစာ၌ ဖွင့်ပြထားသည့် ဘုရားသခင်၏ နဂိုမူလ ရည်ရွယ်ချက်နှင့် စံနှုန်းသို့ ပြန်သွားခြင်းကို ဆိုလိုပြီး၊ ယင်းမှာ ဘုရားသခင့်ထာဝရစီမံကိန်း၏ ပါဝင်ရာများကို လက်ရှိကိုယ်တော်ပြန်လည်ရယူခြင်း၏ တိုးတက်မှုအတိုင်း ရယူခြင်းဖြစ်သည်။

1. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်ကို ကျွန်ုပ်တို့၏အလယ်ဗဟို၊ စစ်မှန်ခြင်းနှင့် အရာခပ်သိမ်းအဖြစ် ကိုယ်တော်၏ လူ့ဇာတိခံခြင်း၊ အရာအားလုံးပါဝင်ခြင်းနှင့် အရှိန်အဟုန်မြင့်တင်ခြင်း၏ ပြည့်စုံသောအမှုတော်၌ ပြန်လည်ရယူခြင်းဖြစ်သည် - ကော၊၁း၁၇ခ၊ ၁၈ခ။ ဆာ၊၈၀း၁၊ ၁၅၊ ၁၇-၁၉။ ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ဗျာ၊၂း၄-၅၊ ၇၊ ၁၇။ ၃း၇-၈၊ ၁၂-၁၃၊ ၁၇-၂၂။ ၄း၅။ ၅း၆။ ယော၊၆း၅၇။ ၁၄း၂၁၊ ၂၃။ ၂၁း၁၅-၁၇။ ညွှန်း၊ ယော၊၃၂း၃၉။

2. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ပြန်လည်ရယူခြင်းဖြစ်သည် - ယော၊၁၇း၁၁၊ ၂၁-၂၃။ ဧ၊၄း၃-၄က။ ဗျာ၊၁း၁၁။

3. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံး၏ လုပ်ဆောင်ချက်ကို ပြန်လည်ရယူခြင်းဖြစ်သည် - ဧ၊၄း၁၅-၁၆။ ရော၊၁၅း၁၆။ ၁ပေ၊၂း၅၊ ၉။ ၁ကော၊၁၄း၁၊ ၄ခ၊ ၁၂၊ ၂၆၊ ၃၁၊ ၃၉။ ယေ၊၃၁း၃၃-၃၄ (အငယ် ၃၃ ရှိ မှတ်စု ၁ ကို ကြည့်ပါ)။

C. ဤရူပါရုံသည် ကျွန်ုပ်တို့၌ တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခြင်းရှိကာ၊ ကျွန်ုပ်တို့၏အသက်တာ၊ အလုပ်နှင့် ပြုမူလုပ်ဆောင်မှုတို့၌ ထိန်းချုပ်အုပ်စိုးနေသော ရူပါရုံ ဖြစ်ရမည် - ၁ယော၊၁း၇။ ၁ပေ၊၂း၉။ ဟေရှာ၊၂း၅။ ဆာ၊၁၁၉း၁၀၅။ ၃၆း၈-၉။

D. လူတစ်ဦးက သခင်ဘုရား၏ပြန်လည်ရယူခြင်းကို စွန့်ခွာခြင်းမှာ သူသည် သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ အဘယ်အရာဖြစ်ကြောင်း တစ်ခါမျှ မမြင်ခဲ့ဖူးကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားပြန်လည်ရယူခြင်း၏ ရူပါရုံကို မမြင်ခဲ့လျှင်၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အမှန်ပင် မရှိကြပါ -တ၊၂၆း၁၃-၁၉။ ညွှန်း၊က၊၁၃း၁၄-၁၈။

E. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသော ကျွန်ုပ်တို့သည် ဘုရားသခင့်ထာဝရစီမံကိန်း၏ ရှင်းလင်းသော ရူပါရုံရှိရမည်၊ ဤရူပါရုံအားဖြင့် အုပ်စိုးခြင်း၊ ထိန်းချုပ်ခြင်း၊ လမ်းညွှန်ခြင်း ခံရမည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ဤနေရာတွင် ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ ဘုရားသခင်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ရန် ရှိနေကြသောကြောင့်ဖြစ်သည်။

F. သခင်ဘုရားပြန်လည်ရယူခြင်းရှိ ဦးဆောင်သူအရာသည် ကျွန်ုပ်တို့ကို ကန့်သတ်ပေးသော၊ ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသော၊ ကျွန်ုပ်တို့ကို ထိန်းချုပ်ပေးသော ဘုရားသခင်ပေးထားသည့် ဖွင့်ပြခြင်း၏ ဦးဆောင်သူအရာဖြစ်သည်၊ ထိုသို့ဖြင့် ရှုပ်ထွေးခြင်းနှင့် ကွဲပြားခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည် - သု၊၂၉း၁၈က။

G. *ခေတ်ကာလ၏ရူပါရုံ* စာအုပ်မှ ဖြည့်စွက်ချက်ကို ဖတ်ပါ။

**III. ဧဇရနှင့် နေဟမိတို့၏ ပြန်လည်ရယူခြင်းစာစောင်များ၏ အလယ်ဗဟိုနှင့် အရေးကြီးသောအချက်မှာ မှန်ကန်သင့်လျော်သော၊ လုံလောက်မှုရှိသော ဦးဆောင်သူအရာပင် ဖြစ်သည် - နေ၊၈း၁-၁၀။**

A. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ရူပါရုံကို ယူဆောင်လာသောသူများမှတစ်ဆင့် တစ်ခုတည်းသော အမှုတော်၌ရှိသည့် ထိန်းချုပ်အုပ်စိုးနေသော ရူပါရုံတစ်ခုတည်း၏ ဦးဆောင်သူအရာ ရှိသည် - ဧ၊၃း၃-၅။

1. ပေါလုက သူနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များသည် "ခရစ်တော်၏ အစေခံများနှင့် ဘုရားသခင့်နက်နဲခြင်းများ၏ ဘဏ္ဍာစိုးများ" ဖြစ်ကြကြောင်း ပြောခဲ့သည် (၁ကော၊၄း၁)။ သူတို့သည် ဘဏ္ဍာစိုးများဖြစ်ကြကာ၊ ဘုရားသခင့်နက်နဲခြင်းများ၏ ကောင်းကင်ဆိုင်ရာ ရူပါရုံကို ဝေငှဖြန့်ဖြူးကြသည်။ ဤနက်နဲခြင်းများမှာ ဘုရားသခင်၏နက်နဲခြင်းအဖြစ် ခရစ်တော်နှင့် ခရစ်တော်၏နက်နဲခြင်းအဖြစ် အသင်းတော်တို့ဖြစ်သည် (ကော၊၂း၂။ ဧ၊၃း၄။ ၅း၃၂)။ ဤဝေငှဖြန့်ဖြူးမှု အစေခံခြင်း၊ ဘဏ္ဍာစိုးအရာသည် တမန်တော်များ၏ အမှုတော်ဖြစ်သည် (၃း၂၊ ၈-၉)။

2. "ဘဏ္ဍာစိုးမည်သည်ကား သစ္စာရှိရမည်" (၁ကော၊၄း၂)။ ပေါလုကဲ့သို့ ကျွန်ုပ်တို့သည် "သစ္စာရှိသောသူ ဖြစ်အံ့သောငှာ၊ သခင်ဘုရား၏ ကရုဏာတော်ကို ခံရသောသူ"ဖြစ်ရန် လိုအပ်သည် (၇း၂၅က။ ၁တိ၊၁း၁၂)၊ သို့မှသာ ကျွန်ုပ်တို့သည် သစ္စာရှိသော ကျွန်များဖြစ်ကာ၊ ဘုရားသခင်၏အိမ်တော်သားတို့ကို ဝိညာဉ်ရေးရာအစာ ပုံမှန် ပေးဝေခြင်း၊ အသင်းတော်ရှိ ယုံကြည်သူများထံ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ခရစ်တော်ကို အသက်မစရာအဖြစ် အမှုဆောင်ခြင်းရှိနိုင်မည်ဖြစ်သည် (မ၊၂၄း၄၅-၄၇)။ ကျွန်ုပ်တို့သည် ဤခေတ်၌ သခင်ဘုရား၏အလုပ်အပေါ် သစ္စာရှိသောသူများ ဖြစ်လိုကြပါသည်၊ သို့မှသာ နောက်လာမည့်ခေတ်တွင် သခင်ဘုရား၏ဝမ်းမြောက်ခြင်း၌ ပါဝင်ဆက်ဆံ၍၊ ကျွန်ုပ်တို့အလုပ်၏အရွယ်အစားနှင့် အရေအတွက်၌မဟုတ်ဘဲ၊ ကိုယ်တော်၏ဆုကျေးဇူးကို အပြည့်ဝဆုံးအတိုင်းအတာအထိ အသုံးပြုခြင်း၌ ကျွန်ုပ်တို့၏သစ္စာရှိခြင်းနှင့်စပ်လျဉ်း၍ သခင်ဘုရား၏ ချီးကျူးခြင်းနှင့် ဆုလာဘ်ပေးခြင်းကို တွေ့မြင်ရရှိခြင်း ရှိနိုင်မည်ဖြစ်သည် (၂၅း၂၁-၂၃။ ညွှန်း၊ ဗျာ၊၃း၈)။

B. နေဟမိနှင့် ဧဇရကဲ့သို့ သစ္စာရှိသော ပုဂ္ဂိုလ်များ၏ ဦးဆောင်မှုအောက်၌သာလျှင် အစ္စရေးလူတို့သည် မြေကြီးပေါ် ဘုရားသခင်၏ သက်သေခံချက်၊ ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်လာရန်၊ တစ်ပါးအမျိုးသားတိုင်းပြည်များမှ လုံးဝကွဲပြားခြားနားသောလူမျိုးဖြစ်လာရန် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရနိုင်မည်ဖြစ်သည်။ ဤသည်မှာ ယနေ့ ဘုရားသခင်က အသင်းတော်ကို ဖြစ်စေလိုသော အမျိုးအစားပင်ဖြစ်သည် - နေ၊၁၃း၁၄၊ ၂၉-၃၁။ ၁တိ၊၃း၁၅။

C. နေဟမိက ဧဇရမပါဘဲ သူသည် ဘုရားသခင်၏လူများကို ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးနိုင်မည်မဟုတ်ကြောင်း သိရှိခဲ့သည်။

1. လူမျိုးတို့ကို ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးခြင်း၌ နေဟမိက သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မသိခဲ့ကြောင်း သိနားလည်ခဲ့သည်။

2. ဧဇရသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိကျွမ်းခြင်း၌ ထင်ရှားကျော်ကြားခဲ့ပြီး၊ နေဟမိက အကူအညီရရန် သူ့ထံသို့ လှည့်ပြန်သွားဖို့ လိုလားဆန္ဒရှိခဲ့သည်။

D. ဘုရားဆိုင်ရာမူအလေ့အလာအရ ကိုယ်ခန္ဓာတော်၏ မှန်ကန်သင့်လျော်သော ကိုယ်စားပြုခြင်းမှာ အမြဲပင် အခြားသူများနှင့်အတူ လိုက်ဖက်ညီသောသူများအားဖြင့်သာ ဖြစ်သည် - ၁ကော၊၁း၁။ ထွ၊၄း၁၄ခ-၁၆။
   1. တစ်ဦးတည်းရှိခြင်းမှာ တစ်သီးပုဂ္ဂလဖြစ်ခြင်းဖြစ်၍၊ အခြားသူတစ်ဦးနှင့်အတူ စေလွှတ်ခံရခြင်းမှာ ကိုယ်ခန္ဓာတော်၏ မူအလေ့အလာအတိုင်း စေလွှတ်ခံရခြင်းဖြစ်သည် - လု၊၁၀း၁။ တ၊၁၃း၁-၃။ ရော၊၁၂း၅။ ၁သက်၊၁း၁။
   2. တစ်သီးပုဂ္ဂလဆိုင်ရာပြုမူခြင်းမှာ ကိုယ်ခန္ဓာတော်၏ မူအလေ့အလာကို ချိုးဖောက်ခြင်းဖြစ်သည်။
   3. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်း၏ မှန်သော အလုပ်ကို အရေးတကြီးလိုအပ်နေသည်။ သို့သော်လည်း ဤတည်ဆောက်ခြင်းအလုပ်သည် လိုက်ဖက်ညီခြင်းခံရသော လုပ်ဖော်ဆောင်ဖက်များအားဖြင့်သာ သယ်ဆောင်ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည် - ဖိ၊၂း၁၉-၂၂။

E. "သခင်ဘုရားသည် ပေါင်းစည်းခြင်းနည်းလမ်း၌ ကျွန်ုပ်နှင့်အတူ ကျွန်ချင်းများအဖြစ် အစေခံမည့် များစွာသော ညီအစ်ကိုများကို ပြင်ဆင်ပေးခဲ့ကြောင်း ကျွန်ုပ်အား ပြသပေးခဲ့ပါသည်။ ဤသည်မှာ ကိုယ်တော်၏ကိုယ်ခန္ဓာတော်အတွက် သခင်ဘုရား၏ အုပ်စိုးစီမံသော မစမှုဖြစ်ပြီး၊ ကိုယ်တော်၏ အမှုတော်ကို ပြီးပြည့်စုံစေရန် ခေတ်နှင့်အညီဖြစ်သော နည်းလမ်းဖြစ်သည်ဟု ကျွန်ုပ်ခံစားရပါသည်" - Witness Lee, March 24, 1997 (*The Collected Works of Witness Lee, 1994–1997,* vol. 5, "A Letter of Fellowship with Thanks," p. 525).

***ခေတ်ကာလ၏ရူပါရုံ စာအုပ်မှ ဖြည့်စွက်ချက်***

**ဤခေတ်၏ပြီးပြည့်စုံသောရူပါရုံနောက်သို့ နီးကပ်စွာလိုက်ခြင်း**

ဘုရားသခင်ကို ယနေ့ ကျွန်ုပ်တို့အစေခံရာ၌ ကျွန်ုပ်တို့၏ရူပါရုံမှာ ကမ္ဘာဦးကျမ်းရှိ အာဒံ၏ ပထမဆုံးသောရူပါရုံမှ အသင်းတော်ထင်ရှားခြင်း၏ အဆုံးစွန်သော ရူပါရုံဖြစ်သည့် ယေရုရှလင်မြို့သစ်တိုင် ရှိရမည်ဖြစ်သည်။ ဤအရာနှင့် ဤအရာတစ်ခုတည်းသာလျှင် ပြီးပြည့်စုံသောရူပါရုံဖြစ်သည်။ ယနေ့ အချိန်မရောက်မီကာလတွင် ဤရူပါရုံကို ကျွန်ုပ်တို့ထံသို့ ပြည့်ဝစွာ ဖွင့်ပြပေးခြင်းမရှိခဲ့ပါ။

ထိုင်ဝမ်ရှိ အမျိုးသားနန်းတော်ပြတိုက်၌ ရှည်လျားသောစာလိပ်ပေါ်တွင် "ချင်-မိန်ပွဲတော်စီးကြောင်းမြင်ကွင်း"ဟု ခေါ်သော ပန်းချီကားချပ်ရှိသည်။ ယင်းတွင် ပန်းချီကားချပ် ရေးဆွဲခဲ့သောအချိန်က ရှိခဲ့သော တရုတ်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ အသက်တာနှင့် နည်းလမ်းများကို ဖော်ကျူးပေးထားသည်။ စာလိပ်ရှည်ကြီး၏အစပိုင်း အကြောင်းအရာများအနည်းငယ်ကို မြင်ရရုံနှင့်မလုံလောက်ပါ။ တရုတ်ပြည်၌ရှိသော အသက်တာတစ်လျှောက်လုံး၏ ရှင်းလင်းသောပန်းချီကားရုပ်ပုံ သို့မဟုတ် "ရူပါရုံ"ကို မမြင်မီတွင် အကြင်သူသည် အစွန်းတစ်ဘက်မှ အခြားအစွန်းတစ်ဘက်ထိတိုင် သွားရမည်ဖြစ်သည်။ ထိုနည်းတူ၊ ဘုရားသခင်ကို ကျွန်ုပ်တို့အစေခံရာ၌ ကျွန်ုပ်တို့၏ကိုယ်ပိုင် ပန်းချီကားချပ်၊ ကျွန်ုပ်တို့၏"ချင်-မိန်ပွဲတော်စီးကြောင်းမြင်ကွင်း"ရှိသည်။ ယင်းမှာ ဧဒင်ဥယျာဉ်ရှိ အသက်ပင်တည်းဟူသော အာဒံ၏ရူပါရုံမှ အသက်ပင်နှင့်အတူရှိသော ယေရုရှလင်မြို့သစ်အထိ ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ရူပါရုံ၏နောက်ဆုံးမြင်ကွင်း ဖြစ်သည်။ ထိုအရာပြီးနောက် ထပ်မြင်ရမည့်အရာ မရှိတော့ပေ။

… ကျွန်ုပ်တို့သည် ယခင်က မြင်ကွင်းများအားလုံးပါဝင်သည့် နောက်ဆုံးသောမြင်ကွင်းအတိုင်း ဘုရားသခင်ကို အစေခံနေကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့တွင် ခေတ်နှင့်တစ်ပြေးညီသော၊ အဆုံးစွန်သောရူပါရုံရှိပြီဖြစ်သော ကြောင့် ကျွန်ုပ်တို့သည် ၎င်းနောက်သို့ နီးကပ်စွာ ထပ်ကြပ်မကွာ လိုက်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူတစ်ဦးတစ်ယောက်နောက်သို့ လိုက်ကြသည်မဟုတ်ဘဲ၊ ရူပါရုံနောက်သို့ လိုက်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် လူတစ်ဦးတစ်ယောက်နောက်သို့ လိုက်ကြသည်ဟု ပြောဆိုခြင်းမှာ အလွန် ရိုင်းပျမှားယွင်းစွာ ပြောဆိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မျက်မှောက်ခေတ်၏ရူပါရုံ နောက်သို့ လိုက်နေကြခြင်းဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ အဆုံးစွန်သော ရူပါရုံဖြစ်သည်။

သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ ကျွန်ုပ်တို့၏ ချစ်သောညီအစ်ကိုဝေါ့တ်ချ်မန်နီးမှတစ်ဆင့် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် သူသည် တိုက်ခိုက်ခြင်း၏ ပစ်မှတ်ဖြစ်လာခဲ့ရသည်။ သူသည် ၁၉၃၄ ခုနှစ်၌ ဟန်ကျိုးတွင် လက်ထပ်ထိမ်းမြားမှုပြုခဲ့သည်။ အချို့သောသူတို့က ဤအမှုအရာ၌ အခွင့်အရေးယူကာ မှန်တိုင်းအဖြစ်သို့ လှုံ့ဆော်ခဲ့ကြသည်။ သူသည် အလွန်ဝမ်း

နည်းခဲ့၍၊ တစ်နေ့တွင် ကျွန်ုပ်သည် သူ့ကို အားပေးရန် သွားရောက်ခဲ့ပြီး “ညီအစ်နီး၊ ကျွန်ုပ်တို့နှစ်ဦးအကြားတွင် ဇာတိဆိုင်ရာ ဆက်နွှယ်ခြင်း မရှိကြောင်းကို သင်သိပါသည်။ ကျွန်ုပ်သည် သင်နှင့်ဇာတိဆိုင်ရာ ခင်မင်မှုအရ သင်ယူဆောင်သောလမ်း သို့မဟုတ် သင်၏ဟောပြောခြင်းကို ကျွန်ုပ်မယူဆောင်ခဲ့ပါ။ ကျွန်ုပ်တို့နှစ်ဦးအကြားတွင် ကြီးစွာသော အလှမ်းဝေးကွာမှုရှိခဲ့ကြပါသည်။ ကျွန်ုပ်သည် မြောက်ပိုင်းသားဖြစ်၍၊ သင်သည် တောင်ပိုင်းသားဖြစ်ပါသည်။ ယနေ့တွင် ကျွန်ုပ်သည် သင်နှင့်အတူ တူညီသောလမ်းတွင် လျှောက်လှမ်းနေခြင်းမှာ သင်၏ပုဂ္ဂိုလ်နောက်သို့ လိုက်နေခြင်းမဟုတ်ပါ။ ကျွန်ုပ်သည် သင်ယူဆောင်သောလမ်းသို့ လိုက်နေခြင်းဖြစ်ပါသည်။ ညီအစ်ကိုနီး၊ သင့်ကို သိစေလိုသည်မှာ အကယ်၍ တစ်နေ့တွင် သင်သည် ဤလမ်းကို ဆက်မလျှောက်တော့လျှင်လည်း၊ ကျွန်ုပ်သည် ဤလမ်းကို ဆက်လက်ယူဆောင်လျှောက်လှမ်းပါမည်”ဟုပြောဆိုခဲ့ပါသည်။ ကျွန်ုပ်သည် ဤသို့ပြောဆိုခဲ့ရခြင်းမှာ အချို့တို့သည် မုန်တိုင်း၏ တိုက်ခတ်မှု ခံခဲ့ကြရ၍၊ ဤလမ်းအတိုင်း ဆက်မလျှောက်တော့ရန် ဆုံးဖြတ်ခဲ့ကြသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုသော်၊ များစွာသောလူတို့သည် လူနောက်သို့ လိုက်ခဲ့ကြသည်။ ထိုလူ အပြောင်းအလဲရှိသွားသောအခါ၊ သူတို့သည် ထိုလူနောက်သို့ မလိုက်ကြတော့ပေ။ သို့သော် ကျွန်ုပ်က ညီအစ်ကိုနီးအား “အကယ်၍ တစ်နေ့တွင် ဤလမ်းကို သင်ဆက်မလျှောက်တော့လျှင်လည်း၊ ကျွန်ုပ်သည် ဤလမ်းကို ဆက်လက်ယူဆောင်လျှောက်လှမ်းပါမည်။ ကျွန်ုပ်သည် သင့်ကြောင့် ဤလမ်းကို ယူဆောင်နေခြင်း မဟုတ်သကဲ့သို့၊ သင့်ကြောင့်လည်း ဤလမ်းကို စွန့်ပစ်လိုက်မည်မဟုတ်ပါ။ ဤအရာသည် သခင်ဘုရား၏လမ်းတော် ဖြစ်ကြောင်း ကျွန်ုပ်မြင်ခဲ့ရပြီ။ ကျွန်ုပ်သည် ရူပါရုံကို မြင်ခဲ့ရပြီ”ဟုပြောဆိုခဲ့ပါသည်။

ငါးဆယ့်နှစ်နှစ်ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ယနေ့တွင် ကျွန်ုပ်ပြုခဲ့သောအမှုအရာ အားလုံးအပေါ် ကျွန်ုပ်နောင်တရစရာမရှိပါ။ လွန်ခဲ့သော ငါးဆယ့်နှစ်နှစ်အတွင်း တူညီသောအကြောင်းအရာကို ထပ်ခါထပ်ခါ မြင်တွေ့ခဲ့ရပါသည်။ အချို့သောလူတို့သည် ရောက်ရှိလာကြပြီး၊ ပြန်ထွက်သွားကြသည်။ မြင်ကွင်းတစ်ခု ပြောင်းသွားပြီး၊ အခြားမြင်ကွင်းတစ်ခု ရောက်ရှိလာသည်။ ထိုင်ဝမ်တွင် ကျွန်ုပ်တို့၏အလုပ် အစပြုချိန်မှစပြီး လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်းတွင် အချို့သော ဝရုန်းသုန်းကားအခြေအနေကြီးများ ရှိခဲ့ကြောင်း အားလုံး သက်သေအဖြစ်သိပြီးသားဖြစ်ပါသည်။ ကျွန်ုပ်အားဖြင့် ကယ်တင်ခြင်းသို့ ဦးဆောင်ပေးခဲ့၍ ကျွန်ုပ်ပေးခဲ့သော သင်တန်းကို တက်ခဲ့ပြီးသော ညီအစ်ကိုများသည်ပင် သခင်ဘုရား၏ ပြန်လည်ရယူခြင်းမှ ထွက်သွားခဲ့ကြသည်။ ရူပါရုံသည် ဘယ်သောအခါမျှ မပြောင်းလဲပါ၊ သို့သော် လူများသည် အမှန်ပင် ပြောင်းလဲခဲ့ကြသည်၊ ရူပါရုံနောက်သို့ လိုက်ခဲ့ကြသူများသည်လည်း ပြောင်းလဲခဲ့ကြသည်။ သင်တို့အားလုံးထံ ကျွန်ုပ်၏စိတ်နှလုံးနက်နဲရာမှ တည်ကြည်သောစကားတစ်ခွန်း ပြောလိုပါသည်။ သခင်ဘုရား၏ ကရုဏာတော်အားဖြင့် ကျွန်ုပ်သည် ယနေ့ ဤနေရာတွင် ရပ်နိုင်ကာ၊ သင်တို့ထံ ဤရူပါရုံကို ယူဆောင်လာနိုင်ခဲ့ပါသည်။ သင်တို့သည် ကျွန်ုပ်၏ ပုဂ္ဂိုလ်နောက်သို့ လိုက်ခြင်းမဟုတ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်၊ သခင်ဘုရား၏ ကရုဏာတော်အားဖြင့် သင်တို့သည် ကျွန်ုပ်ပြသပေးခဲ့သော ရူပါရုံနောက်သို့ လိုက်နေကြကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ ...

ကျွန်ုပ်သည် အကြောင်းရင်းမှန်တစ်ခုကို သင်တို့ထံ ဆက်နွှယ်ပြောဆိုလိုပါသည်။ ကျွန်ုပ်ထံသို့ ရူပါရုံကို ဖွင့်ပြပေးခြင်းမှာ သခင်ဘုရား၏ ကရုဏာတော်ဖြစ်ပါသည်။ ကျွန်ုပ် နောက်သို့ မလိုက်ဘဲ၊ ညီအစ်ကိုနီးနှင့် ခေတ်များတစ်လျှောက်လုံးမှ သခင်ဘုရား၏အစေခံများ အားလုံးက ကျွန်ုပ်တို့ထံ ချန်ထားပေးခဲ့သော၊ ကျွန်ုပ်က သင်တို့ထံ လက်ဆင့်ကမ်းပေးခဲ့သော ရူပါရုံနောက်သို့သာ လိုက်ကြရန် သင်တို့ကို အကြံပေးလိုပါသည်။ ဤအရာသည် အာဒံ၏ပထမမြင်ကွင်းမှ ယေရုရှလင်မြို့သစ်၏ နောက်ဆုံးမြင်ကွင်းအထိ ကျယ်ပြန့်သော ရူပါရုံအမှန်ပင်ဖြစ်သည်။ (စာမျက်နှာ ၅၉-၆၅)

© 2022 Living Stream Ministry